# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၁)
## လက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့များအကြား မဟာမိတ်ဖွဲ့ခြင်း၏ အရေးပါမှု

စစ်အာဏာသိမ်းမှုနဲ့ နွေဦးတော်လှန်ရေးလှုပ်ရှားမှုတွေဟာ အချိန်လေးလကျော် ရှိလာပါပြီ။ စစ်အာဏာသိမ်းကောင်စီက လူထုအပေါ် အကြမ်းဖက်နှိမ်နင်းမှုတွေ ပြင်းပြင်းထန်ထန်ရှိခဲ့သလို လူထု လှုပ်ရှားမှုပုံစံကလည်း လက်နက်ကိုင်တော်လှန်ရေးဘက်ကို ဦးတည်ပြောင်းလဲလာတာ တွေ့ရပါတယ်။ နေရာဒေသအသီးသီးမှာ ကာကွယ်ရေးတပ်ဖွဲ့တွေ ပေါ်ပေါက်လာပြီး ရရာလက်နက် စွဲကိုင်တော်လှန်လာတဲ့ အခြေအနေတွေကိုလည်း တွေ့လာရပါတယ်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ဖယ်ဒရယ်ပြည်ထောင်စုတပ်မတော်ရဲ့ ရှေ့ပြေးအဖြစ် ပြည်သူ့ကာကွယ်ရေးတပ်မတော်ကို ဖွဲ့စည်းလိုက်ကြောင်း ကြေညာခဲ့ပါတယ်။ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့တွေနဲ့ ညှိနှိုင်းပြီး ဖယ်ဒရယ် မဟာမိတ်တပ်ပေါင်းစုပုံစံမျိုးကနေတဆင့် ဖယ်ဒရယ်ပြည်ထောင်စုတပ်မတော် ဖွဲ့စည်းသွားမယ်လို့ ပြောထားတာတွေလည်း ရှိပါတယ်။ ဒီအချိန်မှာ စစ်အာဏာသိမ်းကောင်စီနဲ့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့အကြား ပါဝါချိန်ခွင်လျှာ အပြောင်းအလဲက NUG နဲ့ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့ (EAOs) တွေအကြား မဟာမိတ်ဖွဲ့နိုင်မှုအပေါ် အဓိက မူတည်လာပါတယ်။ ဒါကြောင့်လည်း လက်နက်ကိုင်တော်လှန်ရေးနဲ့ တော်လှန်ရေးတပ်ဖွဲ့တွေ အချင်းချင်းအကြား မဟာမိတ်ဖွဲ့မှုဟာ အလေးထားရမယ့် အကြောင်းအချက်တခု ဖြစ်ပါတယ်။

## ဆိုလိုရင်းအနှစ်ချုပ်

တော်လှန်ရေးအဖွဲ့တွေ အရေးအတွက် အများအပြား ပါဝင်တိုက်ပွဲဝင်နေတဲ့ လက်နက်ကိုင်ပဋိပက္ခ အခြေအနေမျိုးမှာ တော်လှန်ရေးအုပ်စုတွေအကြား ဘာကြောင့် မဟာမိတ်ဖွဲ့ကြသလဲ၊ အဖွဲ့အစည်းအသီးသီးဟာ သူတို့ရဲ့ ရှိရင်းစွဲအခြေအနေတွေမှာ အပြောင်းအလဲအဖြစ်ခံ စွန့်စားပြီး မဟာမိတ်ဖွဲ့မှု အခြေအနေသစ်၊ စိန်ခေါ်မှုအသစ်မျိုးကို ဘယ်လိုအကြောင်းချက်တွေရဲ့ ဆွဲဆောင်မှုကြောင့် အရဲကိုးလက်ခံဖို့ ဆုံးဖြတ်ရသလဲ၊ ဒါ့အပြင် မဟာမိတ်ဖွဲ့တယ်ဆိုရင်ရော ဘယ်လိုပုံစံ စုဖွဲ့မှုမျိုးနဲ့ မဟာမိတ်ဖွဲ့ကြသလဲဆိုတဲ့ မေးခွန်းတွေကို သုတေသီတွေ၊ ပညာရှင်တွေက ရှာဖွေလေ့လာကြပါတယ်။ သုတေသနတခုကတော့ တော်လှန်ရေးတပ်ဖွဲ့တွေ အများအပြား ပါဝင်နေတဲ့ လက်နက်ကိုင်ပဋိပက္ခ အခြေအနေမျိုးမှာ တော်လှန်ရေးတပ်ဖွဲ့တွေအကြား မဟာမိတ်ဖွဲ့မှုကို စဉ်းစားတဲ့အခါ လွှမ်းမိုးနေတဲ့ အဓိကအချက်ကြီးသုံးချက်ရှိတယ်လို့ ဆိုပါတယ်။ အဲဒီအချက်တွေကတော့ (၁) တော်လှန်ရေး အိုင်ဒီရော်လိုဂျီ (Revolutionary Ideology)၊ (၂) ပါဝါ (Power) နဲ့ (၃) ပြင်ပ နိုင်ငံတခုခုရဲ့ ကျောထောက်နောက်ခံပေးမှု (State Sponsorship) တို့ ဖြစ်ပါတယ် (Gade, Gabbay, Hafez, & Kelly, 2019)။

ပထမဦးဆုံးအချက်ဖြစ်တဲ့ တော်လှန်ရေးအိုင်ဒီရော်လိုဂျီကို စဉ်းစားကြတဲ့အခါ ရန်-ငါခွဲပြီး ပဋိပက္ခအပေါ် ရှုမြင်ပုံ (တနည်းအားဖြင့်) ဒီပဋိပက္ခမှာ ဘယ်သူက ကိုယ့်လူလဲ၊ ဘယ်သူက သူ့လူလဲ ကတ္တားခြားရှုမြင်ပုံမျိုးက အခရာကျပါတယ်။ တခါ ပဋိပက္ခအလွန်မှာ ပေါ်ပေါက်လာမယ့် အခင်းအကျင်းသစ်အောက်မှာ မျှော်လင့်ထားတဲ့ အနာဂတ်မျှော်ရည်ချက် စံပြု နိုင်ငံရေးစုဖွဲ့မှုမျိုး၊ ဒါ့အပြင် နယ်မြေခွဲဝေမှုနဲ့ပတ်သက်တဲ့ မျှော်မှန်းချက်များ စတာတွေအပေါ် အခြေခံတတ်ကြပါတယ်။ ဒုတိယလွှမ်းမိုးနေတဲ့ အချက်ဖြစ်တဲ့ ပါဝါ (Power) စဉ်းစားချက်မှာတော့ အဓိကအားဖြင့် အင်အားအသုံးပြုနိုင်စွမ်း ဘယ်လောက်အထိ တူညီတယ်၊ ဘယ်လောက်အထိ ကွာဟတယ် ဆိုတဲ့အပေါ် အခြေပြုစဉ်းစားတာမျိုး ဖြစ်ပါတယ်။ သဘောကတော့ တော်လှန်ရေးအဖွဲ့တွေအကြား အိုင်ဒီရော်လော်ဂျီတင်မက တပ်အင်အား ဘယ်လောက်ကြီးလဲ၊ လက်နက်ဘယ်လောက်ပေါသလဲ၊ စွမ်းရည်ဘယ်လောက်ထက်သလဲ၊ အရင်းအမြစ် ဘယ်လောက်ရှိသလဲ ဆိုတဲ့အချက်တွေကို ထည့်စဉ်းစားတဲ့သဘောပါပဲ။ မဟာမိတ်ဖွဲ့တယ်ဆိုပြီး နှုတ်ခမ်းပဲ့ခြင်း မီးမှုတ်နေတာမျိုး မဖြစ်ချင်ကြလို့ ပါဝါစဉ်းစားချက်ဟာ အရေးပါတာ ဖြစ်ပါတယ်။ တတိယအချက်ဖြစ်တဲ့ ပြင်ပနိုင်ငံ တခုခုရဲ့ ကျောထောက် နောက်ခံပေးမှုမှာဆိုရင် တူညီတဲ့ တတိယနိုင်ငံတခုခုက ကျောထောက်နောက်ခံပေးထားတဲ့ တော်လှန်ရေး တပ်ဖွဲ့တွေအချင်းချင်းအကြား မဟာမိတ်ဖွဲ့မှုဟာ ဖြစ်ဖို့ လွယ်ကူလေ့ရှိပြီး ကျောထောက်နောက်ခံပေးတဲ့ နိုင်ငံမတူညီရင်တော့ မဟာမိတ်ဖွဲ့မှုအတွက် အကန့်အသတ်ရှိနေတာမျိုး ဖြစ်တတ်ပါတယ်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၁)

## လက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့များအကြား မဟာမိတ်ဖွဲ့ခြင်း၏ အရေးပါမှု

### ဘာကြောင့်အလေးထားသင့်လဲ

လက်နက်ကိုင်ပုန်ကန်မှုတွေဖြစ်နေတဲ့ အခြေအနေတွေမှာ လက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့တွေအကြားက မဟာမိတ်ဖွဲ့မှုတွေဟာ ကစားပွဲအပြောင်းအလဲ (Game-Changer) လို့ ညွှန်းကြတဲ့အထိ ဖြစ်စဉ်တခုလုံး အပြောင်းအလဲတွေကို ဖြစ်စေပါတယ်။ ဒါကြောင့်လည်း အင်အားကြီးမားတဲ့ အုပ်စိုးသူတပ် (ဝါ) ပြိုင်ဖက်တပ်တွေအနေနဲ့ သူတို့ရဲ့ ဆန့်ကျင်ဘက် တော်လှန်ရေးတပ်ဖွဲ့တွေ မဟာမိတ်ဖွဲ့ပြီး အင်အား ကြီးမားလာမှုမရှိအောင် နည်းမျိုးစုံနဲ့ ကြိုးစားလေ့ရှိကြပါတယ်။ ဒ့ါအပြင် မဟာမိတ်ဖွဲ့မှုနဲ့ပတ်သက်ပြီး သုတေသီ Akcinaroglu က ၁၉၄၆ ခုနှစ်ကနေ ၂၀၀၈ ခုနှစ်အတွင်း တကမ္ဘာလုံးမှာဖြစ်ပွားခဲ့တဲ့ ပြည်တွင်းစစ်တွေရဲ့ တော်လှန်ရေးအဖွဲ့အစည်းပေါင်း ၃၄၅ ခုကို လေ့လာခဲ့ပါတယ်။ ဒီသုတေသနရဲ့ ရလဒ်အရတော့ အပေါ်မှာဖော်ပြခဲ့တဲ့ အချက်သုံးချက်အပေါ် အခြေခံပြီး တော်လှန်ရေးအဖွဲ့အစည်းပေါင်း ၁၈၁ ခု (စုစုပေါင်း ၅၂ ရာခိုင်နှုန်း) ဟာ အခက်အခဲတွေကြားထဲက မဟာမိတ်ဖွဲ့မှုတွေကို ပြုလုပ်ခဲ့ကြတယ်လို့ ဆိုပါတယ် (Akcinaroglu 2012)။ ဒါကြောင့် ဒီလက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့တွေအကြားက မဟာမိတ်ဖွဲ့မှုအယူအဆဟာ အင်မတန်မှအရေးကြီးလှပြီး အလေးထားဖို့လိုအပ်ပါတယ်။

### မြန်မာနိုင်ငံနှင့် ဆီလျော်သလား

ကမ္ဘာ့အကြာဆုံး ပြည်တွင်းစစ်ဖြစ်နေတဲ့ မြန်မာနိုင်ငံမှာ တော်လှန်ရေးတပ်ဖွဲ့တွေအကြား မဟာမိတ်စုဖွဲ့မှုဟာ ကြန်အင်လက္ခဏာတရပ် ဖြစ်နေပါပြီ။ ဒ့ါအပြင် စစ်အာဏာသိမ်းမှုရဲ့အကျိုးဆက်ဖြစ်တဲ့ စစ်ရေးပဋိပက္ခများလည်း ကျယ်ပြန့်လာတာမို့ လက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့တွေအကြား မဟာမိတ်ဖွဲ့မှုတွေကို လေ့လာတာဟာ မြန်မာနိုင်ငံအတွက် ဆီလျော်မှု ရှိပါတယ်။ ရှေ့မှာဖော်ပြခဲ့တဲ့ သုတေသနအရ ပထမဦးဆုံးအချက်ဖြစ်တဲ့ တော်လှန်ရေး အိုင်ဒီရော်လိုဂျီဟာ မြန်မာနိုင်ငံရဲ့ လက်နက်ကိုင်တော်လှန်ရေး တပ်ဖွဲ့တွေအကြား မဟာမိတ်ဖွဲ့မှုအပေါ် အတော်လေး လွှမ်းမိုးမှုရှိပါတယ်။ မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့ လက်နက်ကိုင် တော်လှန်ပုန်ကန်မှုတွေရဲ့နောက်ဆုံး နိုင်ငံရေးရည်မှန်းချက်ဟာ ဖယ်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးလို့ အကြမ်းဖျင်းယူဆနိုင်ပါတယ်။ ဒါပေမဲ့ ရက္ခိုင့်တပ်တော်လို အချိန်အနည်းငယ်အတွင်းမှာ အင်အားတောင့်တင်းလာတဲ့ အဖွဲ့အစည်းကတော့ အနိမ့်ဆုံးအဆင့် ကွန်ဖက်ဒရေးရှင်းပုံစံမျိုး လိုချင်တယ်လို့ ပေါ်ပေါ်ထင်ထင် ပြောဆိုထားတာမျိုးလည်း ရှိပါတယ်။ ဒ့ါအပြင် ဝပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) ထိန်းချုပ်ထားတဲ့ ဝပြည်နယ်လိုဟာမျိုးဆိုရင် တရားဝင်ပြည်နယ်ဆိုတဲ့ အသိအမှတ်ပြုမှုမျိုး ပေးမထားပေမဲ့ သာမန်ပြည်နယ်တခုထက်ပိုတဲ့ ပုံစံမျိုးအဖြစ် ရှိနေတာပါ။ ဒီလို မတူညီတဲ့မျှော်မှန်းချက်၊ အခွင့်အလမ်း ဖန်တီးနိုင်စွမ်းတွေကြောင့်လည်း တိုင်းရင်းသား လက်နက်ကိုင်တွေအနေနဲ့ အခုဖြစ်နေတဲ့ စစ်အာဏာသိမ်းမှုကနေ ပေါ်ပေါက်လာတဲ့ ပဋိပက္ခအပေါ် ရှုမြင်ပုံ၊ ဒီပဋိပက္ခကနေ ဖြစ်လာနိုင်မယ့် နိုင်ငံရေး၊ စစ်ရေး အခင်းအကျင်းနဲ့ အာဏာသိမ်းစစ်ကောင်စီက လုပ်နေတဲ့ စစ်ဆင်ရေးတွေကြောင့် ဖြစ်ပေါ်လာမယ့် နယ်မြေစိုးမိုးမှု၊ နယ်မြေလက်လွှတ် ဆုံးရှုံးရမှုကိစ္စတွေပေါ်မူတည်ပြီး ဘယ်သူတွေနဲ့ မဟာမိတ်ဖွဲ့ရမလဲဆိုတာ စဉ်းစားနိုင်ခြေရှိတယ်လို့ သုံးသပ်နိုင်ပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ ပါဝါကတော့ အခုလို စစ်အာဏာသိမ်းထားတဲ့ နိုင်ငံရေးအခြေအနေမျိုးမှာ ပိုပြီး အရေးကြီးတဲ့အချက်တခု ဖြစ်ပါတယ်။ စစ်ရေးအင်အားမတူညီသော်လည်း နိုင်ငံရေးအရဆွေးနွေးပြီးစုဖွဲ့မှုလုပ်ထားတဲ့ NCA ဖြစ်စဉ်ထဲက PPST လိုအဖွဲ့မျိုးဟာ နိုင်ငံရေးအရ ဆုံးဖြတ်ချက်ချဖို့အတွက် လိုအပ်တဲ့အချိန်မှာဖွဲ့ခဲ့တဲ့စုဖွဲ့မှုမျိုးဖြစ်ပါတယ်။ အဲဒီအချိန်တွေတုန်းကလည်း အင်အားချင်းသိပ်မကွာတဲ့အဖွဲ့တွေအကြားမှာ မြောက်ပိုင်းမဟာမိတ်ညီနောင်အဖွဲ့ဆိုပြီး စစ်ရေးမဟာမိတ်ဖွဲ့တာမျိုးတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့ စစ်ရေးအင်အားကို ပိုအသားပေးတဲ့ အခုလို နိုင်ငံရေးအခြေအနေမျိုး ပြောင်းလဲသွားတဲ့အခါမှာတော့ မဟာမိတ်စုဖွဲ့မှုစဉ်းစားချက် **'နိုင်ငံရေးလျို့ စစ်အင်အားပို'**ဆိုတဲ့ တွက်ချက်မှုဘက်ကို ပိုကဲလာမလားဆိုတာ ဆင်ခြင်ကြည့်စရာပါ။ ဥပမာ- ပြီးခဲ့တဲ့ မေ ၂၆ ရက်နဲ့ ၂၇ ရက်မှာ ပြုလုပ်ခဲ့တဲ့ PPST အစည်းအဝေး (၁၅/၂၀၂၁) အရဆိုရင် စုဖွဲ့မှုအသစ်ဖော်ဆောင်နိုင်ဖို့အတွက် ညီနောင် တိုင်းရင်းသား လက်နက်ကိုင်များအားလုံးနဲ့ပါ ချိတ်ဆက်မဟာမိတ်ဖွဲ့ဖို့ ထုတ်ဖော်ပြောဆိုလာတာ တွေ့ရပါတယ်။ ဒါကြောင့်လည်း လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့တွေရဲ့ မဟာမိတ်ဖွဲ့မှုတွေမှာ ဒီ ဒုတိယအချက်ကလည်း အရေးပါပါတယ်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၁)
လက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့များအကြား မဟာမိတ်ဖွဲ့ခြင်း၏ အရေးပါမှု

### ၁၉၄၈ ခုနှစ်နောက်ပိုင်း လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များအကြား ထင်ရှားသော မဟာမိတ်ဖွဲ့မှုအချို့

**၁၉၄၈ - ၁၉၆၂**

**ပါလီမန်ဒီမိုကရေစီခေတ်**

၁။ အမျိုးသားဒီမိုကရေစီ ညီညွတ်ရေးတပ်ပေါင်းစု **(မဒညတ)** (၁၉၅၉-၁၉၇၅)

**၁၉၆၂ - ၁၉၈၈**

**တော်လှန်ရေးကောင်စီနှင့် မဆလခေတ်**

၁။ အမျိုးသား ဒီမိုကရေစီတပ်ပေါင်းစု **(မဒတ)** **(NDF)** (၁၉၇၆-၂၀၀၉)

**၁၉၈၈ - ၂၀၁၁**

**နဝတ-နအဖ အစိုးရခေတ်**

၁။ မြန်မာပြည် ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် **(မဒမခ)** **(DAB)** (၁၉၈၈-၁၉၉၅)

၂။ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ **(NCUB)** (၁၉၉၂-၂၀၀၉)

**၂၀၁၁ - ၂၀၂၀**

**ဒီမိုကရေစီတပိုင်း စပ်ကြားအုပ်ချုပ်ရေးခေတ်**

၁။ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖယ်ဒရယ်ကောင်စီ **(UNFC)** (၂၀၁၁-၂၀၁၇)

၂။ ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေး ကော်မတီ **(FPNCC)** (၂၀၁၇-လက်ရှိ)

၃။ မြန်မာပြည်မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့ **(NAB)** (ဒီဇင်ဘာ ၂၀၁၆-လက်ရှိ)

၄။ မြောက်ပိုင်း ညီနောင်မဟာမိတ်သုံးဖွဲ့ (၂၀၁၆-လက်ရှိ)

၅။ NCA လက်မှတ်ထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ **(NCA-S-EAOs/PPST)** (၂၀၁၅-လက်ရှိ)

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၁)

### လက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့များအကြား မဟာမိတ်ဖွဲ့ခြင်း၏ အရေးပါမှု

တတိယအချက်ဖြစ်တဲ့ ပြင်ပနိုင်ငံတခုခုရဲ့ ကျောထောက်နောက်ခံရယူမှုနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံက တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့တွေက အတိအလင်း ငြင်းဆန်ကြပေမဲ့ မကင်းရာမကင်းကြောင်းတွေ ရှိနေကြတာကိုတော့ အားလုံးလိုလို လက်ခံကြပါတယ်။ မြောက်ပိုင်းမဟာမိတ်လို စစ်ရေးမဟာမိတ်အဖွဲ့တွေနဲ့ FPNCC လို နိုင်ငံရေး မဟာမိတ်အဖွဲ့တွေအပေါ်မှာ တရုတ်နိုင်ငံရဲ့ဩဇာ အထိုက်အလျောက် လွှမ်းမိုးနေတာကိုလည်း တွေ့ရပါတယ်။ အဲဒီအထဲပါဝင်တဲ့ လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အများစုဟာ တရုတ်-မြန်မာနယ်စပ်မှာ လှုပ်ရှားလေ့ရှိကြပြီး တရုတ်နိုင်ငံရဲ့ အကျိုးစီးပွားတချို့ဟာလည်း အဲဒီအဖွဲ့အစည်းတွေနဲ့ ဆက်စပ်တဲ့နယ်မြေတွေမှာ ရှိနေပါတယ်။ ဒါကြောင့် အဲဒီ တရုတ်-မြန်မာ နယ်စပ်ဒေသတလျှောက် လှုပ်ရှားနေတဲ့ လက်နက်ကိုင်တပ်တွေရဲ့ မဟာမိတ်စုဖွဲ့မှုစဉ်းစားချက်မှာ ပြင်ပနိုင်ငံရဲ့ အခန်းကဏ္ဍကို ထည့်သွင်းတွက်ချက်ရတာဟာ အချက်တချက်အဖြစ် ပါဝင်နေတာပါပဲ။ အလားတူပဲ ထိုင်း-မြန်မာနယ်စပ်တလျှောက် လှုပ်ရှားနေတဲ့ လက်နက်ကိုင် တော်လှန်ရေးတပ်တွေရဲ့မဟာမိတ်စုဖွဲ့မှုမှာလည်း ဆိုင်ရာ ပြင်ပနိုင်ငံရဲ့အခန်းကဏ္ဍဟာ အရေးပါတဲ့အချက်တချက် ဖြစ်ပါတယ်။ ဒီအတွက်ကြောင့်လည်း အပြန်အလှန် အကျိုးစီးပွားတွေအရ ဒီမဟာမိတ်အဖွဲ့ဝင်တွေဟာ ဆက်စပ်မှုရှိတဲ့ ပြင်ပနိုင်ငံရဲ့ တိုက်ရိုက် (ဝါ) သွယ်ဝိုက် ထောက်ပံ့မှုမျိုးကို ရနေတာလို့ ဆိုရမှာပါ။

အချုပ်အားဖြင့် ဆိုရရင်တော့ ဖော်ပြခဲ့တဲ့ အချက်သုံးချက်စလုံးက မြန်မာနိုင်ငံရဲ့လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့တွေအကြား မဟာမိတ်ဖွဲ့ဖို့ စဉ်းစားရာမှာ လွှမ်းမိုးမှုရှိတဲ့ အကြောင်းအချက်တွေဖြစ်ပါတယ်။ ဒီသုတေသနမှာ ထည့်သွင်းထားခြင်းမရှိတဲ့ အချက်တခုအဖြစ် လက်နက်ကိုင်တပ်တွေအနေနဲ့ စစ်စီးပွားရေး (War Economy)ကြောင့်ရရှိတဲ့အကျိုးစီးပွားချိတ်ဆက်ယှက်ဖြာနေမှုလိုမျိုးတွေကလည်းလက်နက်ကိုင်တပ်တွေအကြား မဟာမိတ်စုဖွဲ့မှု စဉ်းစားပုံကို သက်ရောက်စေနိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဖော်ပြပါ အကြောင်းအချက်သုံးချက်ကို လေ့လာထားခြင်းဟာ မြန်မာနိုင်ငံရဲ့လက်နက်ကိုင်တော်လှန်ရေးနဲ့ တော်လှန်ရေးတပ်ဖွဲ့တွေ အချင်းချင်းအကြား မဟာမိတ်ဖွဲ့မှု အကြောင်းတရားတွေအပေါ် သိမြင်နားလည်မှု ပိုတိုးစေပြီး တိုင်းပြည်မှာ အပြောင်းအလဲဖန်တီးလိုသူများအတွက် စဉ်းစားစရာ အထောက်အကူ ဖြစ်စေနိုင်ပါတယ်။

**Further Readings**

Akcinaroglu, S. (2012). Rebel interdependencies and civil war outcomes. *Journal of Conflict Resolution,* 56(5), 879-903.

Gade, E. K., Gabbay, M., Hafez, M. M., & Kelly, Z. (2019). Networks of cooperation: Rebel alliances in fragmented civil wars. *Journal of Conflict Resolution,* 63(9), 2071-2097.